The Essence

mgyoe.com

ဖူစုန်းလင်၏ တရုတ်ဂန္ထဝင်

# လျောင်ကျိုင်းပုံဝတ္ထုကြီး

ကြည်ကြည်မာ





mgyoe.com

ISBN9789997116475
E22
9 789997 116475
1,000.00KS

mgyoe.com


| | |
|---|---|
| ထုတ်ဝေသူ | - ဦးစန်းဦး(၀၀၅၃၈)၊ |
| | - စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄ လမ်းတာမွေ။ |
| ပုံနှိပ်သူ | - ဒေါ်ဝင်းမာ(၀၀၄၁၂)၊ စိတ်ကူးချိုချို |
| | - ၁၁၇၉၊ မစိုးရိမ်လမ်း။ ရန်ကင်း။ |
| စာအုပ်ချုပ် | - ဦးမြင့်၊ ညီဝင်းမြင့် |

ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊ ၂၀၁၉၊ ဇတ်လ

ကြည်ကြည်မာ
ဖူစုန်းလင်၏ တရုတ်ဂန္ထဝင် လျှောင်ကျိုင်းပုံဝတ္ထုကြီး/- ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၉။
(၂၀၀၂၊ ကြည်ကြည်မာစာပေ၏ ပထမအကြိမ်မှ)
စာမျက်နှာ ၁၁၄ မျက်နှာ၊
၁၃ စင်တီ× ၁၈.၅ စင်တီ
(၁) ဖူစုန်းလင်၏ တရုတ်ဂန္ထဝင် လျှောင်ကျိုင်းပုံဝတ္ထုကြီး


mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| – | ဘာသာပြန်သူ၏ အမှာ | က |
| ၁။ | ဖျင်ဖျင် | ၁ |
| ၂။ | လုံမလေး ဗွား | ၁၀ |
| ၃။ | လူအရေခွံ | ၂၄ |
| ၄။ | ကျူချင်း | ၃၁ |
| ၅။ | ဝမ်လျူပ်လန် | ၃၈ |
| ၆။ | တောက်ဆရာ | ၄၆ |
| ၇။ | လွေးယဉ် | ၅၂ |
| ၈။ | ညှေ့သည် တုံး | ၅၉ |
| ၉။ | ဖုန့်ယန်သား | ၆၄ |
| ၁၀။ | အားရှို့ | ၇၁ |
| ၁၁။ | ပိုင်ချူးလင့် | ၈၄ |
| ၁၂။ | ရင်းနင် | ၉၈ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## ဘာသာပြန်သူ၏ အမှာ

"လျောင်ကျိုင်း" ဟာ တရုတ်ဂန္ထဝင် ပုံဝတ္ထု စာအုပ်ကြီးဖြစ်ပါတယ်။ စာရေးဆရာကြီး ဖူစုန်းလင် (၁၆၄၀–၁၇၁၅) ရေးသားပြုစုချက်များထဲက ဝတ္ထုတို၊ စကက်၊ အံ့ဖွယ်၊ တိရစ္ဆာန်ပုံပြင်နဲ့ နတ်တစ္ဆေ ပုံပြင်များ စုစုပေါင်း အပုဒ် ၄၀၀ ပါဝင်ပါတယ်။ ၎င်းအနက် အများအပြားမှာ နှစ်ပေါင်း ၃၀၀ ကျော် အတွင်း လူထုထဲ နက်ရှိုင်းစွာပျံ့နှံ့ပြီး အထူးကြိုက် နှစ်သက်ခံရပါတယ်။

စာရေးသူဟာ မြေခွေးတို့၊ နတ်တစ္ဆေတို့ကို အသုံးပြုပြီး လူ့လောကအကြောင်း ဖော်ပြသွားပါ တယ်။ "လျောင်ကျိုင်း" ထဲမှ ပုံဝတ္ထုပေါင်းများစွာကို လွန်ခဲ့တဲ့ အနှစ်တစ်ရာကျော်ကတည်းက နိုင်ငံခြား ဘာသာများသို့ ပြန်ဆိုယူကြတဲ့အတွက် ကမ္ဘာက သိရှိပြီးတဲ့ စာအုပ်လည်း ဖြစ်ပါတယ်။ တရုတ်

mgyoe.com

mgyoe.com



ဘာသာနဲ့ထုတ်ဝေတဲ့ "လျှောင်ကျိုင်း" ရဲ့ အမှာမှာ...

"ဆရာကြီး ဖူစုန်းလင်ဟာ ၎င်းရဲ့ ကြီးမြတ်တဲ့ အနုပညာစွမ်းရည်နဲ့ ထူးခြားကြွယ်ဝတဲ့ စိတ်ကူးကို အနုပညာသဏ္ဍာန်မှတစ်ဆင့် ဘဝကို ဖော်ပြတယ်။ သုံးသပ်ဝေဖန်တယ်။ လူတို့ကို အနုပညာခံစားမှု ကောင်းစွာ ပေးစွမ်းနိုင်ခဲ့ပါတယ်" လို့ ရေးသားထားပါတယ်။

ကြည်ကြည်မာ
၁၅-၈-၉၆

❐

mgyoe.com

mgyoe.com


## ဖျင်ဖျင်

စန်း ရှီးပြည်နယ်၊ ဖင်းခရိုင်သား လိုကြည်ဖူဟာ ငယ်စဉ်ကတည်းက မိဘကွယ်လွန်သွားတယ်။ သူ အသက် ၈ နှစ်၊ ၉ နှစ် အရွယ်ကတည်းကစပြီး အရာရှိဖြစ်တဲ့ ဦးကြီးတော်သူ လိုတာ့ယဲ့နဲ့ လိုက်နေတယ်။ သူ့ဦးကြီးဟာ အလွန်ချမ်းသာတယ်။ ဒါပေမဲ့ သားယောက်ျား လေးမရှိဘူး။ ဒါကြောင့် သူ့ကို သားအရင်းလို သဘောထားတယ်။

လိုကြည်ဖူ အသက် ၁၄ နှစ်အရွယ်ရောက်တော့ အိမ်က ထွက်သွားတယ်။

သိပ်မကြာဘူး။ သူ့မှာ တစ်ကိုယ်လုံး အနာတွေပေါက်လာတယ်။ ပြည်တွေယိုပြီး နံစော်နေတယ်။ အိပ်ရာတစ်ခုလုံး သွေးတွေ၊ ပြည်တွေနဲ့ ပေကျံနေတယ်။

ဒီအချိန်ကျတော့ သူနေတဲ့အိမ်က သူ့ကို မောင်းထုတ်လိုက်တယ်။ သူလည်း လမ်းပေါ်ရောက်ပြီး တောင်းစားနေရတယ်။ လမ်းပေါ်က လူတွေဟာ သူ့ပုံပန်းကို မြင်တာနဲ့ ခပ်ဝေးဝေးက ရှောင်သွားကြတယ်။

သူဟာ တစ်နယ်တစ်ကျေးမှာ သေရမှာစိုးတာနဲ့ တစ်လမ်းလုံး တောင်းစားရင်း စန်းရှီးပြည်နယ်ဆီကို လျှောက်ပြန်ခဲ့တယ်။

mgyoe.com

mgyoe.com


နေ့စဉ် လီ ၃–၄ ဆယ်ရအောင် လျှောက်တယ်။ တဖြည်းဖြည်းနဲ့ ဖင်းခရိုင် နယ်နိမိတ်အတွင်း ရောက်လာတယ်။

ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်တော့ အဝတ်အစားတွေ စုတ်ပြဲပြီး တစ်ကိုယ်လုံး အနာတွေနဲ့ ညစ်ပတ်စုတ်ပြတ် နံစော်နေတဲ့အတွက် အိမ်မပြန်ဝံ့ဘဲ အနီးအနားက ခရိုင်တချို့မှာ လှည့်လည်တောင်းရမ်း စားသောက်နေတယ်။

တစ်ညနေခင်းမှာ သူဟာ တောတောင်ထဲက ဘုန်းကြီးကျောင်း တစ်ကျောင်းကို တည်းခိုဖို့သွားတယ်။ တောလမ်းကလေးမှာ မိန်းမငယ် တစ်ယောက်နဲ့ တွေ့တယ်။ ရုပ်ရည်ကတော့ နတ်သမီးကလေးလို ချောမောလှပတယ်။ သူ့အနီးရောက်တော့ သူ့ကို ဘယ်သွားမလို့လဲလို့ မေးတယ်။ လိုကြည်ဖူက အမှန်အတိုင်း ပြောပြတယ်။ မိန်းမငယ်က... "ကျွန်မဟာ တရားကျင့်နေသူပါ။ ဂူထဲမှာ နေပါတယ်။ ရှင်နေဖို့ နေရာရှာပေးနိုင်ပါတယ်။ ရှင် ကျားတို့၊ မြေခွေးတို့ အန္တရာယ်မှကင်းအောင် ခဏခိုနားနိုင်ပါတယ်" လို့ပြောတယ်။ လိုကြည်ဖူဟာ အလွန်ဝမ်းသာသွားတယ်။ ဒါနဲ့ မိန်းမငယ်နောက် လိုက်သွားတယ်။

တောနက်ထဲရောက်တော့ ဂူတစ်လုံးကို တွေ့တယ်။ အထဲဝင်လိုက်တော့ ဂူတံခါးအတွင်းမှာ စမ်းချောင်းတစ်ခုကို တွေ့ရတယ်။ စမ်းချောင်းပေါ်မှာ ကျောက်တံတားတစ်စင်း ရှိတယ်။ ရှေ့နည်းနည်း ဆက်သွားတော့ ကျောက်တုံးနဲ့ဖွဲ့ထားတဲ့ အခန်းနှစ်ခန်းရှိတယ်။ အတွင်းမှာ အလင်းရောင်တွေ ဖြာနေတယ်။ ညကြီးမှာ မီးခွက်တို့၊ ဖယောင်းတိုင်တို့ ထွန်းစရာမလိုဘူး။ အဲဒီမိန်းမငယ်က သူ့ကို အကျႌအစုတ်တွေ ချွတ်ပစ်ပြီး စမ်းချောင်းမှာ ရေသွားချိုးခိုင်းတယ်။ မိန်းမငယ်က... "ရေချိုးလိုက်ပါ၊ ရှင့်ကိုယ်ပေါ်က အနာတွေ ပျောက်သွားပါလိမ့်မယ်" လို့ ပြောတယ်။ ပြီးတော့ ကျောက်နံရံကို ဆွဲဖွင့်လိုက်တယ်။ အိပ်ရာခင်းပြီး

mgyoe.com

mgyoe.com





သူ့ကို အိပ်ခိုင်းတယ်။ "ရှင် မြန်မြန်အိပ်လိုက်၊ ကျွန်မ ရှင့်ကို ဘောင်းဘီ ချုပ်ပေးမယ်" လို့ပြောတယ်။ မိန်းမငယ်ဟာ ငှက်ပျောရွက်လို အရွက်ကြီး တချို့ ခူးလာတယ်။ ကိုက်ညှပ်ပြီး စချုပ်တယ်။ ခဏလောက်ချုပ်တာနဲ့ ချုပ်ပြီးသွားတယ်။ ခေါက်ပြီး သူ့ခုတင်ဘေးမှာ ထားလိုက်တယ်။ "မနက်ဖြန်မနက်ကျရင်ဝတ်" လို့ ပြောပြီး မျက်နှာချင်းဆိုင်က ခုတင်မှာ ဝင်အိပ်တယ်။

mgyoe.com

mgyoe.com


လိုကြည်ဖူဟာ စမ်းရေချိုးပြီးနောက် ကိုယ်ပေါ်ကအနာတွေ မနာတော့ဘူး။ မယားတော့ဘူး။ အိပ်ရာက တစ်ရေးနိုးလာလို့ စမ်းကြည့်လိုက်တော့ အနာဖေးတွေ အထူကြီးတက်နေပြီ။ နောက်နေ့နံနက် အိပ်ရာကထခါနီးမှာ ငှက်ပျောရွက်နဲ့ ချုပ်တဲ့အင်္ကျီ ဝတ်လို့မှ ရပ့ါမလားလို့ စိုးရိမ်မိတယ်။ ယူပြီး သေချာကြည့်ကြည့်လိုက်တော့ အစိမ်းရောင် ပိုးသားအဝတ်အထည် ဖြစ်နေတယ်။ ချောလည်းချော၊ ညက်လည်းညက်တယ်။ နံနက်စာ စားခါနီးတော့ မိန်းမငယ်ဟာ တောသစ်ရွက် နည်းနည်းခူးလိုက်တယ်။ "မုန့်စား" လို့ ပေးတယ်။ လိုကြည်ဖူ စားကြည့်လိုက်တော့ တကယ့်မုန့်ပဲ။ တစ်ခါ သူမဟာ သစ်ရွက်ကို ကြက်ပုံ၊ ငါးပုံညှပ်ပြီး ချက်စားတယ်။ အားလုံး အစစ်တွေအတိုင်း အရသာရှိတယ်။ အိမ်ခန်းထောင့်မှာ အရက်ကောင်းတစ်အိုး ရှိတယ်။ ခပ်ခပ်ပြီး သောက်တယ်။ ကုန်ခါနီးရင် စမ်းရေခပ်ထည့်တယ်။ ရေဟာ အရက်ဖြစ်သွားတယ်။

ရက်အနည်းငယ်ကြာတော့ လိုကြည်ဖူရဲ့ အနာဖေးတွေ ကြွေကျပြီး ပျောက်သွားတယ်။ သူဟာ မျက်နှာချင်းဆိုင် ခုတင်ကိုကူးပြီး မိန်းမငယ်ကို ချစ်ရေးဆိုတယ်။ မိန်းမငယ်က မျက်စောင်းတစ်ချက်ထိုးပြီး ပြောတယ်။ "လူဆိုး၊ ခုတင်မှ နေစရာထိုင်စရာ ရှိသေးတယ်။ မကြံအပ်တာတွေ ကြံပြန်ပြီနော်"

လိုကြည်ဖူက...

"ကျွန်တော်က ခင်ဗျားကို ကျေးဇူးတင်လို့ ချစ်စိတ်တွေ ပေါ်လာတာပါ" လို့ပြောတယ်။ သူတို့နှစ်ဦး အကြင်လင်မယား ဖြစ်သွားတယ်။

တစ်နေ့မှာ အမျိုးသမီးတစ်ယောက် ရယ်ပြီး ဝင်လာတယ်။ ပါးစပ်ကလည်း "ဖျင်ဖျင်ရေ၊ ဟော့ကောင်မ နင့်ကြည့်ရတာ ပျော်နေပုံပဲ" လို့အော်ပြောလာတယ်။

မိန်းမငယ်က ထွက်ကြိုဆိုရင်း ရယ်ပြီးပြောတယ်။

mgyoe.com

mgyoe.com


"ပန်းမြို့တော်မမ၊ ရှင်မလာတာ ကြာပါပေါ့။ ဒီနေ့ အနောက်တောင်လေဖိတိုက်လို့ ရှင့်ကို ဒီဘက် တိုက်လာတယ်ထင်တယ်။ ကလေးကော ချီလာရဲ့လား"

ပန်းမြို့တော်မမက ပြောတယ်။

"ကျွန်မ မကြာခင်က မွေးတာလည်း မိန်းကလေးပဲ"

မိန်းမငယ်က လျှောင်တယ်။

"ပန်းမြို့တော်မမ၊ ရှင့်ကြည့်ရတာ မိန်းမချည်းထုတ်လုပ်တဲ့ စက်တစ်လုံးနဲ့ တူနေပြီ။ ဘာဖြစ်လို့ ချီမလာတာလဲ"

ပန်းမြို့တော်မမက ပြောတယ်။

"ခုတင်ပဲ ချော့သိပ်ခဲ့တာ"

ဒီလိုနဲ့ ဧည့်သည်ရော အိမ်ရှင်ပါ ဝိုင်းထိုင်ပြီး အရက်သောက်ကြတယ်။ ပန်းမြို့တော်မမက လိုကြည်ဖူကို ကြည့်ပြီးပြောတယ်။

"ဒီချာတိတ်ဟာ တော်တော် ကုသိုလ်ကံကောင်းတာပဲ"

လိုကြည်ဖူဟာ သူမကိုကြည့်တယ်။ အသက်အရွယ် ၂၃-၄ နှစ်ရှိပုံရတယ်။ ရုပ်ရည်က မျက်နှာမြင် ချစ်ခင်ချင်တဲ့ ရုပ်ရည်။ လိုကြည်ဖူစိတ်ထဲမှာ သူမကို အလွန်စွဲသွားတယ်။ သစ်သီးစားတဲ့အခါမှာ တမင်သစ်သီးလွတ်ကျဟန်ဆောင်တယ်။ သစ်သီးကုန်းကောက်ရင်း ပန်းမြို့တော်မမ ခြေထောက်ကို တစ်ချက်ဖျစ်လိုက်တယ်။ မမက ဘာမှမခံစားရသလို သူ့ကို လှည့်တောင်မကြည့်ဘူး။ ရယ်ပြီး နေတယ်။ လိုကြည်ဖူစိတ်တွေ ဖြောင်းဆန်နေတုန်းမှာ ရုတ်တရက် တစ်ကိုယ်လုံး အေးစက်သွားတယ်။ ကိုယ်ပေါ်ငုံ့ကြည့်လိုက်တော့ အင်္ကျီတွေဟာ ညှိုးရော်နေတဲ့သစ်ရွက်တွေ ဖြစ်ကုန်တယ်။ သူ့ရင်ထဲမှာ တအား ထိတ်လန့်သွားတယ်။ သစ်ငုတ်တိုကြီးလို အတန်ကြာ ထိုင်နေတယ်။ ဒီတော့မှ မူလကအတိုင်းပြန်ဖြစ်လာတယ်။ သူဟာ မိန်းမနှစ်ယောက် ဒီအဖြစ်အပျက်ကို တွေ့

mgyoe.com

mgyoe.com



မသွားတာကို တိတ်တိတ် ဝမ်းသာမိတယ်။

ခဏနေတော့ အရက်ခွက်ချင်းထိပြီး အရက်သောက်တဲ့အခါမှာ စိတ်ဖောက်လာပြန်တယ်။ ပန်းမြို့တော်မမရဲ့ လက်ဖဝါးကို လက်ချောင်းလေးနဲ့ ခိုးကုတ်တယ်။ မမဟာ ဘာမှမသိသလို ပြောဆိုရယ်မောနေတယ်။ သူ့ ရင်ခုန်နေတုန်းမှာပဲ အင်္ကျီတွေ ညှိုးရော်ပြီး သစ်ရွက်တွေ ဖြစ်သွားတယ်။ တော်တော်ကြီးကြာမှ မူလကလို ပြန်ဖြစ်လာတယ်။ ဒီလို နှစ်ကြိမ်ဖြစ်ပြီးတော့မှ သူဟာ စိတ်မဖောက်ဝံ့တော့ဘူး။

ပန်းမြို့တော်မမက ရယ်ပြီးပြောတယ်။

"နင်တို့အိမ်က သမက်ကတော့ သိပ်အပိုးမကျိုးဘူးနော်။ ဒီလို ထိန်းနိုင်တဲ့မိန်းမနဲ့ တွေ့လို့သာပေါ့။ နို့မို့ရင် မိုးပေါ်တက်ပြေးမှာ" မိန်းမငယ်ကလည်း သရော်ရယ်ပြီး... "စိတ်ကောင်းမရှိတဲ့ဟာ ချမ်းသေတာပဲ ကောင်းတယ်" လို့ပြောတယ်။ နှစ်ယောက်သား လက်ခုပ်တီးပြီး ဟားတိုက်ရယ်ကြတယ်။

ပန်းမြို့တော်မမဟာ ထိုင်ရာက ထလိုက်ပြီး... "ကောင်မလေးတော့ နိုးနေပြီထင်တယ်။ သေလုအောင် ငိုတော့မယ်" လို့ပြောတယ်။ မိန်းမငယ်ကလည်း မတ်တတ်ထရပ်လိုက်ပြီး ကျီစားပြောတယ်။ "ရှင်က ဒီမှာ သူများယောကျ်ားကို စိတ်ပါလက်ပါ ဆွဲဆောင်နေတော့ အိမ်က ကျန်းချင်လေးငိုလို့ သေသလား၊ ရှင်သလား ဘယ်သိတော့မှာလဲ"

ပန်းမြို့တော်မမ ထွက်သွားတော့ လိုကြည်ဖူဟာ မိန်းမငယ်က သူ့ကို အပြစ်တင်ဒဏ်ခတ်မှာ၊ ကဲ့ရဲ့မှာ စိုးရိမ်တယ်။ ဒါပေမဲ့ သူမဟာ ဘာမှမဖြစ်ဘူး။ ခါတိုင်းလိုပဲ နေတယ်။

နေ့ရက်တွေ တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာတယ်။ ဆောင်းဦးပေါက်လာပြီ။ လေကအေးစက်ပြီး နှင်းလည်း ခဲလာတယ်။ သစ်ရွက်တွေလည်း ကြွေကျကုန်ပြီ။ မိန်းမငယ်ဟာ သစ်ရွက်ကြွေတွေကို သိမ်းဆည်း

mgyoe.com

mgyoe.com


ပြီး မီးလှုံဖို့လုပ်တယ်။ လိုကြည့်ဖူ အချမ်းကြောက်တာမြင်တော့ အင်္ကျီယူပြီး ဂူဝကိုသွားတယ်။ တိမ်ဖြူဖြူတွေ ဆုပ်ယူပြီး အင်္ကျီထဲထိုးထည့်တယ်။ ပြီးတော့ သူ့ကို ဝတ်ခိုင်းတယ်။ လိုကြည့်ဖူဝတ်တော့ ဂွမ်းကပ်အင်္ကျီလို နွေးထွေးတယ်။ ပေါ့လည်းပေါ့ပါးတယ်။ ဂွမ်းကပ်အင်္ကျီ အသစ်စက်စက်လိုပဲ။

တစ်နှစ်ကြာတော့ သားတစ်ယောက် မွေးလာတယ်။ ကလေးဟာ ဉာဏ်လည်းကောင်းတယ်။ လှလည်းလှတယ်။ သူတို့ဟာ တစ်နေ့လုံး ဂူထဲမှာ ကလေးနဲ့ ပျော်မြူးနေကြတယ်။ ဒါပေမဲ့ လိုကြည့်ဖူဟာ သူ့အိမ်ကို အမြဲသတိရတယ်။ မိန်းမငယ်ကို သူနဲ့အတူ လိုက်ခဲ့ဖို့ ခေါ်တယ်။ မိန်းမငယ်က... "ကျွန်မ သွားလို့မဖြစ်ဘူး။ သွားချင်ရင် ရှင့်ဘာသာ ပြန်သွား" လို့ပြောတယ်။ ယောကျ်ားကလည်း မခွဲရက်ဘူး။ ဒီလိုနဲ့ နှစ်နှစ်၊ သုံးနှစ် ကြာသွားတယ်။

သားလေးက တဖြည်းဖြည်း ကြီးလာတယ်။ ဒါနဲ့ ပန်းမြို့တော်မမရဲ့ သမီးနဲ့ စေ့စပ်ကြောင်းလမ်းကြတယ်။ လိုကြည့်ဖူဟာ ဦးကြီးလည်း အသက်အရွယ်ကြီးပြီလို့ မကြာခဏ စိုးရိမ်စွာ တွေးမိတယ်။ မိန်းမငယ်က... "ဦးကြီးဟာ အသက်အရွယ် ကြီးမြင့်လာပေမဲ့ ကျန်းမာဆဲပါပဲ။ ရှင် စိတ်ပူစရာမလိုပါဘူး။ သား ပေါင်အယ် လက်ထပ်ပြီးမှ သွားချင်သွား၊ နေချင်နေ၊ ရှင့်သဘောပဲ" လို့ပြောတယ်။

မိန်းမငယ်ဟာ ဂူထဲမှာ သစ်ရွက်ပေါ်စာရေးပြီး စာအုပ်လုပ်တယ်။ သားကလေးကို စာသင်တယ်။ သားကလည်း အလွန်ဉာဏ်ကောင်းတယ်။ တစ်ခါဖတ်ရတာနဲ့ မမေ့တော့ဘူး။

မိန်းမငယ်က ပြောတယ်။

"ဒီကလေးဟာ အလွန်ကုသိုလ်ကံရှိတယ်။ သူ့ကို ပုထုဇဉ်လောကမှာထားရင် ရာထူးကြီးကြီးဖြစ်မှာ သေချာတယ်" လို့ပြောတယ်။ အချိန်

mgyoe.com

mgyoe.com


ဟာ မြားတစ်စင်းလိုပဲ။ သားလေးလည်း အသက် ၁၄ နှစ်ရှိပြီ။

ပန်းမြို့တော်မမဟာ သမီးကို ကိုယ်တိုင်လာပို့တယ်။ သမီးလေးဟာ အလွန်လှပတန်ဖိုးရှိတဲ့ အဝတ်အစား ဝတ်လာတယ်။ ရောင်ပြန်ဟပ်လောက်အောင် တောက်ပတယ်။

လိုကြည်ဖူတို့ လင်မယားဟာ ကလေးမကို အလွန်နှစ်သက်တယ်။ တစ်အိမ်သားလုံး စားပွဲကျင်းပကြတယ်။ အရက်သောက်ရင်း ဖျင်ဖျင်က စည်းချက်ခေါက်ပြီး သီဆိုတယ်။

"ကျွန်မမှာ သားကောင်းရှိတယ်ရှင်။ ငွေနဲ့ရာထူး မမက်ပါ။ ကျွန်မမှာ ချွေးမကောင်း ရှိတယ်ရှင်။ ပိုးဖဲမမက်ပါ။ ဒီည တစ်အိမ်လုံး ဆုံစည်းကြတဲ့အတွက် ပျော်ကြရွှင်ကြမယ်။ အရက်များများ သောက်ပါ။ အစားများများ စားကြပါ"

ပန်းမြို့တော်မမ ပြန်သွားပြီးနောက် သားအဖနှစ်စုံတွဲ တစ်ခန်းစီနေကြတယ်။ ချွေးမဟာ အလွန်ရိုသေတတ်တယ်။ ယောက္ခမတွေကို ပြုစုတယ်။ သမီးအရင်းထက်တောင် ပိုရင်းနှီးသေးတယ်။

လိုကြည်ဖူဟာ မကြာခဏ အိမ်ပြန်ဖို့ပြောတယ်။ ဖျင်ဖျင်က သက်ပြင်းချပြီး... "ရှင့်မှာက ပုထုဇဉ်ရုပ်ခန္ဓာနဲ့မို့ နတ်ဖြစ်ဖို့ မမီပါဘူး။ ကလေးဟာလည်း ပုထုဇဉ်ဇာတာကောင်းမို့ ရှင် ခေါ်သာသွားပေတော့။ ကျွန်မလည်း ကလေးရှေ့ရေးမို့ အတားအဆီး မလုပ်ပါဘူး" လို့ပြောတယ်။ ချွေးမလေးဟာ သွားခါနီးမှာ မိခင်ကို နှုတ်ဆက်ချင်တယ်။ ပန်းမြို့တော်မမဟာလည်း အတော်ပဲ ရောက်လာတယ်။ သားရောသမီးပါ မိခင်တွေကို အလွန်မခွဲနိုင်၊ မခွာရက်ဖြစ်ကြပြီး မျက်ရည်သွင်သွင် စီးကျလာကြတယ်။ မိခင်နှစ်ဦးက သူတို့ကို နှစ်သိမ့်တယ်။ "သွားကြ၊ နောင်မှာလည်း ပြန်လာနိုင်တာပဲ" ဒီလိုနဲ့ ဖျင်ဖျင်ဟာ သစ်ရွက်နဲ့ လားသုံးကောင် ညှပ်လိုက်တယ်။ သုံးဦးသားစီးပြီး မိဘဌာနေ ပြန်ကြတယ်။

mgyoe.com

mgyoe.com


အဲဒီအချိန်မှာ လိုကြည်ဖူရဲ့ဦးကြီး လိုတာ့ယဲ့ဟာ အရာရှိကြီး မဟုတ်တော့ဘူး။ တူတော်မောင် အစောကြီးကတည်းက သေသွားပြီလို့ ထင်နေတယ်။ ရုတ်တရက်ဆိုသလို တော်လည်းတော်၊ လှလည်းလှတဲ့ မြေးတွေပါခေါ်ပြီး ပြန်လာတာတွေ့တော့ ဝမ်းသာလိုက်တာ ရတနာတွေ ရသလိုပဲ။ သုံးယောက်သား အိမ်ထဲဝင်လိုက်တာနဲ့ ကိုယ်ပေါ်က အင်္ကျီ တွေဟာ ငှက်ပျောရွက် ဖြစ်သွားရော။ ဆွဲလိုက်တာနဲ့ အတွင်းက ဝါဂွမ်း တွေဟာ အငွေ့တထောင်းထောင်းနဲ့ မိုးပေါ်ပျံတက်သွားတယ်။ အားလုံး လူ့လောကကအင်္ကျီ လဲဝတ်ကြတယ်။

နောင်မှာတော့ လိုကြည်ဖူဟာ ဖျင်ဖျင်ကိုလွမ်းတာနဲ့ သားကိုခေါ် ပြီး နေရာဟောင်းကို ပြန်သွားတယ်။ အဲဒီနေရာကိုရောက်တော့ တော တောင်တစ်ခုလုံး သစ်ရွက်ခြောက်တွေနဲ့ ဖုံးလို့။ ဂူဝဟာ တိမ်တွေနှင်း တွေ အုံ့ဆိုင်းဖုံးအုပ်နေတယ်။ ဒါနဲ့ ဝမ်းနည်းစွာ ပြန်လာခဲ့ရတယ်။

❋

mgyoe.com

mgyoe.com



## လုံမလေး ဘွား

တ ရုတ်ပြည်၊ စန်ရှီးပြည်နယ်မှာ အန်းယိုးယီလို့ခေါ်တဲ့ မင်းစစ် စာမေးပွဲ အငယ်တန်းအောင်ထားသူ တစ်ယောက်ရှိတယ်။ သူဟာ ပေးကမ်းစွန့်ကြဲလိုစိတ်ရှိတယ်။ မေတ္တာစေတနာ ထားတတ်တယ်။ ဘေး မဲ့လွှတ်လေ့ရှိတယ်။ အမဲလိုက်တဲ့လူတွေ ကျေးငှက်သားကောင်ရလာရင် ဈေးကြီးပေးရပေးရ ဝယ်ပြီး ဘေးမဲ့လွှတ်ပစ်လိုက်တယ်။

တစ်နေ့ သူ့ဦးကြီးအိမ်မှာ အသုဘရှိတာကြောင့် သူ သွားကူညီ တယ်။ အသုဘချပြီး အိမ်ပြန်တော့ မိုးချုပ်ပြီ။ ဟုစန်းတောင်ရောက်တော့ မျက်စိလည်ပြီး လျှိုထဲရောက်သွားတယ်။ စိတ်ထဲ ထိတ်လန့်ပြီး ဘယ်လို လုပ်ရမှန်းမသိ ဖြစ်နေတုန်းမှာ ရှေ့ဘက်က မီးရောင်တွေ့ရတယ်။ ဒါနဲ့ အဲဒီဘက်ကို လျှောက်သွားတယ်။ ၄–၅ လှမ်း လျှောက်ရသေးတယ်၊ ရုတ်တရက် ခါးကုန်းတဲ့ အဘိုးအိုတစ်ယောက် တောင်ဝှေးထောက်ပြီး ဘေးကလမ်းကလေးမှာ အလျင်အမြန်သွားနေတာ တွေ့ရတယ်။ အန်းယိုးယီဟာ ရပ်ပြီးမေးမယ်လုပ်တုန်းမှာ အဘိုးအိုက အရင်စပြီး သူ့ကိုဘယ်သူလဲလို့ မေးတယ်။ အန်းယိုးယီက သူ မျက်စိလည် လမ်းမှား လာတာ။ ရှေ့ဘက်မှာ မီးရောင်တွေ့လို့ ရွာရှိမယ်ထင်တာနဲ့ တစ်ညလောက်

mgyoe.com

mgyoe.com

တည်းခွင့်သွားတောင်းမလို့လို့ ပြောပြတယ်။

အဘိုးကြီးက ပြောတယ်။

"အဲဒီနေရာဟာ လုံခြုံမှုမရှိဘူး။ ကျုပ်နဲ့ တွေ့လို့ပေါ့။ ကျုပ်နဲ့လိုက်ခဲ့ပါ။ ကျုပ်အိမ်မှာ တစ်ညလိုက်အိပ်ပါ"

အန်းယိုးယီဟာ အလွန်ဝမ်းသာသွားတယ်။ ဒါနဲ့ အဘိုးကြီးနဲ့ လိုက်သွားတယ်။ တစ်လီသာသာ သွားမိတော့ ရွာကလေးတစ်ရွာထဲ

mgyoe.com

mgyoe.com


ဝင်လာတယ်။ အဘိုးကြီးဟာ သက်ငယ်မိုး အိမ်တစ်အိမ်ရှေ့မှာရပ်ပြီး တံခါးခေါက်တယ်။ အတွင်းက အဘွားကြီးတစ်ယောက် ထွက်လာပြီး တံခါးဖွင့်ပေးတယ်။

"ပြန်လာပြီလား"

အဘိုးကြီးက ဖြေတယ်။

"ပြန်လာပြီ"

အန်းယိုးယီဟာ အဘိုးကြီးနောက်ကနေ အိမ်ထဲဝင်လိုက်တယ်။ အထဲမှာ မှောင်မည်းပြီး ကျဉ်းသေးသေး အခန်းကလေးကို တွေ့ရတယ်။ အဘိုးကြီးက မီးစာကို မြှင့်လိုက်တယ်။ အန်းယိုးယီကို ထိုင်ဖို့နေရာပေးတယ်။ ပြီးတာနဲ့ အဘွားကြီးကို ထမင်းပွဲပြင်ဖို့ပြောတယ်။ တစ်ခါ အဘိုးကြီးက အဘွားကြီးကို ပြောတယ်။ "ဒီသူငယ်ဟာ တခြားလူမဟုတ်ဘူး၊ သူက ကျုပ်ရဲ့ ကျေးဇူးရှင်ကြီးပဲ။ မင်း လှုပ်လှုပ်ရှားရှားလုပ်ရလို့ ပင်ပန်းရင် လုံမလေးဗွားကို အရက်နွေးခိုင်းလိုက်ပါ"

ခဏနေတော့ မိန်းကလေးတစ်ယောက် စားစရာပန်းကန်ကိုယူပြီး ဝင်လာတယ်။ စားပွဲပေါ်တင်ထားပြီးနောက် အဘိုးကြီးဘေးမှာ ရပ်နေလိုက်တယ်။ ဝင်းလက်တဲ့ သူမမျက်စိနဲ့ အန်းယိုးယီကို ခိုးကြည့်တယ်။ အန်းယိုးယီဟာ ခေါင်းမော့လိုက်တော့ မိုးနတ်မယ်အလား လှပတဲ့ သူမ ရုပ်ရည်ကို မြင်တွေ့သွားတယ်။ အဘိုးကြီးက သူမကိုလှည့်ပြီး အရက်နွေးခိုင်းတယ်။ မိန်းကလေးဟာ ကြားတာနဲ့ နောက်ဘက်က အခန်းထဲ ဝင်သွားတယ်။ မီးဖိုကိုင်တဲ့အသံ ထွက်လာတယ်။ အန်းယိုးယီက မေးတယ်။

"ဒီမိန်းကလေးက ဘယ်သူလဲ"

အဘိုးကြီးက ဖြေတယ်။

"ကျုပ်အမျိုးသမီးနာမည်က ကျန်းလို့ခေါ်တယ်။ အသက် ၇၀

mgyoe.com

mgyoe.com


ရှိပြီ။ ဒီသမီးတစ်ယောက်ပဲ ရှိတာ။ အိမ်မှာ အခိုင်းအစေမရှိဘူး။ မောင်ရင်ကလည်း အပြင်လူမဟုတ်လို့ တို့ဇနီးနဲ့ သမီးကို ထွက်ဧည့်ခံခိုင်းတာ။ ကဲ့ရဲ့စရာဖြစ်နေပြီ”

အန်းယိုးယီက ဆက်မေးတယ်။

“ဦးသမက်က ဘယ်ဇာတိလဲ”

“နေရာချမပေးရသေးပါဘူး” အဘိုးကြီးက ဖြေတယ်။

အန်းယိုးယီဟာ သူမ သွက်လက်ဖျတ်လတ်ကြောင်း၊ လှကြောင်း ချီးကျူးတော့တယ်။ အဘိုးကြီးက နှိမ့်ချစွာ ပြန်ဖြေနေတယ်။ ရုတ်တရက် မိန်းကလေး တအားအော်သံကြားလို့ ပြေးကြည့်တော့ အရက်ဆူပြီး လျှံကျလို့ မီးထတောက်တာ တွေ့ရတယ်။ အဘိုးကြီးဟာ မီးကိုငြိမ်းသတ်ပြီး အပြစ်တင်စကား ပြောတယ်။ “ဒီလောက်ကြီးတဲ့ မိန်းကလေးပဲဟာ ဘာမှ နားမလည်ဘူး” တစ်ခါလှည့်ကြည့်ပြီး မီးဖိုဘေးက မြက်တံနဲ့ရက်တဲ့ ရက်လက်စ နတ်သမီးရုပ်ကို တွေ့တယ်။ ဒါနဲ့ သူမကို ပြောပြန်တယ်။ “မင်းဆံပင်ရှုပ်ပွနေတာပဲ၊ ကလေးလား”

အဘိုးကြီးဟာ နတ်သမီးရုပ်ကိုယူပြီး ပြန်လာတယ်။ အန်းယိုးယီကို ပြောတယ်။ “သူက ဒီအရုပ်လုပ်တဲ့ထဲ စိတ်ဝင်စားနေတာ၊ အရက်ဆူတာတောင် မသိဘူး။ မင်းက သူ့ကို ချီးမွမ်းတော့ ရှက်တောင်ရှက်တယ်” အန်းယိုးယီက အရုပ်ကို သေချာကြည့်တယ်။ မျက်စိမျက်နှာ အဝတ်အစားတွေ လုပ်ထားတာ အလွန်သေသပ်တယ်။ ဒါနဲ့ ချီးမွမ်းပြန်တယ်။ “အရုပ်ကလေးပေမဲ့ သူ့ဉာဏ်ကို တွေ့ရတယ်နော်”

သူတို့ အရက်သောက်တဲ့အခါမှာ မိန်းကလေးဟာ အရက်လာလာ ငှဲ့ပေးတယ်။ လှပစွာ ပြုံးနေတယ်။ နည်းနည်းမှ ရှက်ကိုးရှက်ကန်းမဖြစ်ဘူး။ အန်းယိုးယီက သူမကို စိုက်ကြည့်တယ်။ ရင်ထဲမှာ ချစ်စိတ် တဖွားဖွား ပေါ်လာတယ်။ အဲဒီအချိန်မှာ အဘွားကြီးခေါ်သံ ကြားလိုက်

mgyoe.com

mgyoe.com


တယ်။ အဘိုးကြီးကလည်း ထူးပြီး ထသွားတယ်။

အန်းယိုးယီဟာ လူမရှိတာနဲ့ မီးဖိုဘေးမှာထိုင်နေတဲ့ မိန်းကလေးကို လှမ်းပြောတယ်။ “မိုးနတ်မယ်လိုလှပတဲ့ မင်းရုပ်ရည်ကို မြင်ရပြီး ကျုပ်ဝိညာဉ်တောင် ပျောက်သွားပြီ။ အောင်သွယ်နဲ့ လာတောင်းချင်တယ်။ လက်မခံမှာလည်း စိုးတယ်။ ဘယ်လိုလုပ်ရမလဲ” မိန်းကလေးဟာ အရက်ကရားကို ကိုင်ထားပြီး မျက်စိက မီးဖိုကို ကြည့်နေတယ်။ တိတ်တိတ်ကလေး မကြားချင်ယောင်ဆောင်နေတယ်။ အန်းယိုးယီဟာ ထပ်ကာထပ်ကာ ပြောနေပေမဲ့ မိန်းကလေးက ဘာမှပြန်မဖြေဘူး။ ဒါနဲ့ အခန်းထဲဝင်သွားတယ်။ မိန်းကလေးက မတ်တတ်ရပ်လိုက်ပြီး ဒေါသနဲ့ ပြောတယ်။ “ရှင် ဒီလိုပေါ့ပေါ့ဆဆ ဖွတ်ဝင်လာပြီး ဘာလုပ်ချင်လို့လဲ”

အန်းယိုးယီဟာ မြေကြီးမှာ ဒူးထောက်ပြီး သူမကို ချစ်ရေးဆိုတယ်။ မထဘဲနေတယ်။ မိန်းကလေးက တံခါးပေါက်ကနေ ထွက်ပြေးမယ် လုပ်တယ်။ အန်းယိုးယီဟာ ခုန်ထပြီး သူမကို ဖက်ထားလိုက်တယ်။ မိန်းကလေးဟာ ကြောက်လန့်ပြီး အော်ဟစ်တယ်။ အဘိုးကြီး ကြားတာနဲ့ ပြေးလာတယ်။ အန်းယိုးယီလည်း မတတ်သာဘဲ လွှတ်လိုက်ပြီး ထွက်လာခဲ့တယ်။ စိတ်ထဲမှာ နောင်တလည်းရ၊ ကြောက်လည်းကြောက်နေတယ်။ မိန်းကလေးက ဘာမှမဖြစ်သလိုနဲ့ သူ့အဖေကို ပြောတယ်။ “ခုနက အရက်ဝေကျပြန်တယ်။ ဒီဆရာ ဝင်ပြီးမ်းလို့ပေါ့။ နို့မို့ရင် ကရားတောင် ပျော်သွားမှာ”

အန်းယိုးယီဟာ ဒီတော့မှ စိတ်အေးသွားတယ်။ သူမကိုလည်း အလွန်ကျေးဇူးတင်တယ်။ သူမကြောင့် ပိုပြီး မနေနိုင် မထိုင်နိုင် ဖြစ်လာတယ်။ ဒါနဲ့ အရက်မူးချင်ဟန်ဆောင်ပြီး ထမင်းစားပွဲက ထွက်လာတယ်။ သူ မစားတာတွေ့တော့ မိန်းကလေးလည်း ထွက်သွားတယ်။ အဘိုးကြီးဟာ သူ့ကို အိပ်ရာခင်းပေး၊ တံခါးပိတ်ပေးပြီးမှ ထွက်သွား

mgyoe.com

mgyoe.com


တယ်။ အန်းယိုးယီဟာ ဟိုလှည့်ဒီလှည့်နဲ့ အိပ်လို့မရဘူး။ မိုးတောင် မလင်းသေးဘူး၊ အဘိုးကြီးကိုနှိုးပြီး နှုတ်ဆက်ပြန်ခဲ့တယ်။

အန်းယိုးယီဟာ အိမ်ပြန်ရောက်တာနဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေကို မိန်းမတောင်းဖို့ လွှတ်လိုက်တယ်။ မိတ်ဆွေဟာ တစ်ရက်လုံး သွားပေမဲ့ အဘိုးကြီးအိမ်ကို မတွေ့ဘူးလို့ ပြန်လာပြီးပြောတယ်။ အန်းယိုးယီဟာ အခိုင်းအစေကို မြင်းပြင်ခိုင်းတယ်။ လမ်းဟောင်းအတိုင်း သူ့ဘာသာသူ သွားရှာတယ်။ ဟုစန်းတောင်ရောက်တော့ တောင်ကမ်းပါးကြီးတွေ၊ လှိုဏ်ကြီးတွေပဲ တွေ့တယ်။ ဘယ်မှာရွာရှိမှာလဲ။ တောင်နဲ့နီးတဲ့ရွာတွေကို သွားမေးတော့လည်း အမျိုးနာမည်ကျန်းဆိုတာ ဒီမှာမရှိဘူးလို့ ပြောကြတယ်။ သူလည်း အလွန်စိတ်ပျက်သွားတယ်။

အိမ်ပြန်ခဲ့ပြီးနောက် သူဟာ စားလည်းမစားဘူး။ သောက်လည်း မသောက်ဘူး။ အိပ်လည်း မအိပ်ဘူး။ စွဲလမ်းနာကျနေတယ်။ အိမ်သားတွေက ဆန်ပြုတ်လေးဘာလေး အတင်းတိုက်ရင် အန်တယ်။ သူ ဇဝေဇဝါနဲ့ ပါးစပ်က "လုံမလေးဗှား၊ လုံမလေးဗှား" လို့ ခေါ်ခေါ်နေတယ်။ အိမ်သားတွေဟာ သူ့စကားကို နားမလည်ဘူး။ နေ့ရောညပါ စောင့်ကြည့်နေတယ်။ ရောဂါကလည်း အလွန်အန္တရာယ်ရှိတယ်။

ညတစ်ညမှာ သူ့ကိုစောင့်တဲ့လူလည်း မောပြီး အိပ်ပျော်သွားတယ်။ အန်းယိုးယီဟာ မြောနေသလို ဖြစ်နေရာကနေ သူ့ကို လူတွန်းသလို ခံစားရတာနဲ့ မျက်စိဖွင့်ကြည့်တယ်။ ခုတင်ဘေးမှာ လာရပ်နေတာက လုံမလေးဗှား ဖြစ်နေတယ်။ သူလည်း ချက်ချင်းကြည်လင်လာတယ်။ သူဟာ လုံမလေးဗှားကိုကြည့်ပြီး မျက်ရည်တွေ တသွင်သွင် စီးကျလာတယ်။ လုံမလေးဗှားက သူ့မျက်နှာနားကပ်ပြီး... "လူအ၊ ဘယ့်နှယ် ဒီလိုဖြစ်ရတာလဲ" လို့ပြောပြီး ခုတင်ပေါ်တက်၊ အန်းယိုးယီရဲ့ ပေါင်ပေါ်ထိုင်ပြီး သူ့နားသယ်ကို နှိပ်ပေးတယ်။ အန်းယိုးယီရဲ့ နှာခေါင်း

mgyoe.com

mgyoe.com


ထဲ ဂရိုးအမွှေးနဲ့ စူးဝင်လာတယ်။ ဦးနှောက်ထဲကနေ ရိုးတွင်းခြင်ဆီ အထိ ဝင်သွားတယ်လို့ ခံစားရတယ်။ ခဏနိုပ်ပြီးနောက် အန်းယိုးယီဟာ ချွေးတွေထွက်လာတယ်။ လုံမလေးဒွား က အန်းယိုးယီကို တိုးတိုးပြော တယ်။ "အိမ်ထဲမှာ လူသိပ်များတယ်။ ကျွန်မ ဒီမှာနေလို့မဖြစ်ဘူး။ ၃ ရက်ကြာရင် ကျွန်မ ရှင့်ကို လာတွေ့ဦးမယ်" သူမဟာ ပြောရင်း ပန်းထိုး ထားတဲ့ အကျီလက်ပွထဲကနေ မုန့်ပေါင်း ၅ ခု၊ ၆ ခု ထုတ်ပြီး ခုတင် ခေါင်းရင်းမှာ ချထားတယ်။ လှည့်ပြီး အသာလေး ထွက်သွားတယ်။

ညသန်းခေါင်အချိန်ရောက်တော့ အန်းယိုးယီဟာ ချွေးလည်းသိပ် ပြီ။ ဆာလည်းဆာလာတယ်။ ခုတင်ခေါင်းရင်းက မုန့်ကိုယူပြီး စား ကြည့်တယ်။ ဘာနဲ့လုပ်ထားလဲ မသိဘူး။ အလွန်ချိုမွှေးပြီး စားလို့ ကောင်းတယ်။ တစ်ခါတည်း ၃ ခု စားပစ်လိုက်တယ်။ ကျန်တာကို အကျီနဲ့ အုပ်ထားလိုက်တယ်။ လူလည်း ပေါ့ပါးပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။ နိုးလာတော့ နောက်တစ်နေ့နံနက်ဖြစ်နေပြီ။ နေ တောင်မြင့်နေပြီ။ သူ့ကိုယ်ခန္ဓာဟာလည်း အလေးကြီးထမ်းထားတာကို စွန့်ပစ်လိုက်သလို အလွန်ပေါ့ပါးသွားတယ်။

သုံးရက်ကြာတော့ မုန့်လည်း စားလို့ကုန်ပြီ။ လူလည်း လန်းဆန်း လာတယ်။ အဲဒီနေ့ညမှာ သူက အိမ်သားတွေကို စောစောအိပ်ခိုင်းတယ်။ လုံမလေးဒွား ရောက်လာရင် အတွင်းဝင်လို့မရမှာစိုးတာနဲ့ စာကြည့်ခန်း ကနေ အသာလေး ထွက်လာပြီး အိမ်ခြံဝင်းတံခါးချက်တွေ ဖြုတ်ထား လိုက်တယ်။ မကြာဘူး။ လုံမလေးဒွား ရောက်လာတယ်။ သူမက တဟား ဟား ရယ်ပြီးပြောတယ်။ "လူအ၊ ဆရာဝန်ကို ကျေးဇူးမတင်တော့ဘူး လား"

အန်းယိုးယီဟာ ဝမ်းသာလို့ သူမကိုဖက်ထားပြီး လှိုက်လှဲစွာ နမ်း တယ်။ လုံမလေးဒွားက ပြောတယ်။ "ကျွန်မဟာ အရှက်ရမှာ မကြောက်

mgyoe.com

mgyoe.com


ဘဲ စွန့်စားပြီးလာတာ။ အဲဒါ ရှင့်ကို ကျေးဇူးဆပ်တာ။ ရှင်နဲ့ ရေရှည်ချစ်ကြိုက်လို့ မဖြစ်ဘူး။ ရှင် တခြားမိန်းကလေးတစ်ယောက်ယောက် ရှာပါ"

အန်းယိုးယီဟာ အကြာကြီး ငြိမ်နေပြီးမှ သူမကိုမေးတယ် "တို့ နှစ်ယောက် အရင်က သိမှမသိခဲ့တာ၊ မင်းကို ဘယ်မှာတွေ့ဖူးသလဲ ငါ မမှတ်မိတော့ဘူး"

လုံမလေးဗှားက သူ့ကို မပြောဘူး။ "ရှင့်ဘာသာ စဉ်းစားပါလား" လို့ ပြောတယ်။

အန်းယိုးယီက သူမကို လက်ထပ်ဖို့ အတင်းတောင်းဆိုတယ်။ လုံမလေးဗှားက... "ကျွန်မ ညည တိတ်တိတ်ခိုးလာတာ။ ဒီအတိုင်း ရေရှည်သွားလို့ မဖြစ်ဘူး။ လက်ထပ်ဖို့ဆိုတာလည်း မဖြစ်နိုင်ဘူး" လို့ ပြောတယ်။

အန်းယိုးယီဟာ ဒီစကားကြားရပြီး ဝမ်းနည်းလို့ မဆုံးဘူး။ လုံမလေးဗှားဟာ သူ ဝမ်းနည်းကြေကွဲတာမြင်တော့ သနားပြီး ပြောတယ်။ "ရှင် ကျွန်မနဲ့ လက်ထပ်ချင်ရင် မနက်ဖြန်ည ကျွန်မအိမ်ကို လာခဲ့ပါ" ဒီတော့မှ အန်းယိုးယီဟာ ပြုံးလာတယ်။

"လမ်း ဒီလောက်ဝေးတာ မင်းခြေထောက် သေးသေးသွယ်သွယ်လေးနဲ့ ဘယ်လိုသွားလို့ရမှာလဲ" လို့ မေးတယ်။

လုံမလေးဗှားက ဖြေတယ်။

"ကျွန်မ အိမ်မပြန်ဘူး။ ရွာအရှေ့ဖျားမှာနေတဲ့ နားလေးတဲ့ အဘွားကြီးဟာ ကျွန်မကြီးဒေါ်ပဲ။ ရှင့်အတွက်နဲ့ ကျွန်မ ဒီမှာပဲ နေနေတာ။ အိမ်က ကျွန်မ ဘယ်ရောက်နေမှန်းတောင် သိမှာမဟုတ်ဘူး။ ကျွန်မကို အပြစ်ပြောကြလိမ့်မယ်"

အန်းယိုးယီဟာ သူမနဲ့အတူအိပ်တယ်။ သူမ တစ်ကိုယ်လုံး ထွက်သက်၊ ဝင်သက်၊ အသားပါမကျန် အမွှေးနံ့တွေရတယ်။ ဒါနဲ့ မေးတယ်

mgyoe.com

mgyoe.com


"မင်း ဘာအမွှေးအကြိုင်သုံးလဲ၊ အသားထဲထိ မွှေးနေပါလား" လုံမလေးဗွားက ဖြေတယ်။ "မွှေးကတည်းက ဒီအတိုင်းပါပဲ။ ဘာအမွှေးအကြိုင်မှ မသုံးပါဘူး" အန်းယိုးယီဟာ ပိုပြီး အံ့သြသွားတယ်။

ဒုတိယနေ့ နံနက်မှာ လုံမလေးဗွားဟာ အိပ်ရာထတာနဲ့ နှုတ်ဆက်တယ်။ အန်းယိုးယီက အရင်တစ်ခါလို မျက်စိလည် လမ်းမှားမှာ စိုးလို့ သူမနဲ့ လမ်းတစ်နေရာမှာဆုံဖို့ ချိန်းလိုက်တယ်။ ညနေစောင်းတော့ အန်းယိုးယီဟာ မြင်းစီးပြီး ချိန်းတဲ့လမ်းကလေးကို သွားတယ်။ လုံမလေးဗွား ရောက်နှင့်နေပြီ။ သူတို့နှစ်ယောက်သား အရင်ကရောက်ခဲ့တဲ့ ရွာကို သွားကြတယ်။ အဘိုးကြီးနဲ့ အဘွားကြီးဟာ ဝမ်းသာစွာကြိုတယ်။ အရက်တို့၊ ထမင်းတို့နဲ့ သူတို့ကို ဧည့်ခံတယ်။ ဟင်းတွေဟာ စမုန်စပါးရွက်၊ ဟင်းနုနယ်ရွက် စတဲ့ ဟင်းရွက်တွေချည်း ဖြစ်ပေမဲ့ အိမ်ရှင်နဲ့ ဧည့်သည်ကြားမှာ လှိုက်လှဲမှု အပြည့်နဲ့ပါပဲ။

ထမင်းစားပြီးနောက် အဘိုးကြီးက အန်းယိုးယီကို နားခိုင်းတယ်။ လုံမလေးဗွားဟာ အခန်းထဲက ထွက်သွားတဲ့အခါမှာ မျက်စိနဲ့တောင် ဘာအမူအရာမှ မပြဘူး။ ညသန်းခေါင်ကျမှ သူမရောက်လာတယ် "အဖေနဲ့အမေ စကားတတွတ်တွတ်ပြောပြီး မအိပ်ဘူး။ ဒါကြောင့် ကျွန်မ မလာဝံ့တာ။ သိပ်စောင့်နေရပြီပေါ့"

အဲဒီညမှာ ချစ်ခင်ကြင်နာစွာ နေကြတယ်။ ရတ်တရက် လုံမလေးဗွားက... "ဒီညတွေ့ကြတာ ကျွန်မတို့နှစ်ယောက် ထာဝရခွဲခွာခြင်းရဲ့ အထိမ်းအမှတ်ပါပဲ" လို့ပြောတယ်။ အန်းယိုးယီက ဘာဖြစ်လို့လဲလို့ အထိတ်တလန့် မေးတယ်။ လုံမလေးဗွားက ဖြေတယ်။ "အမေက ဒီရွာလေးသိပ်ငယ်တယ်၊ ပျင်းစရာကောင်းတယ်ဆိုပြီး အဝေးကို ပြောင်းတော့မှာ။ ကျွန်မနဲ့ရှင် ဒီညပဲပေါင်းရမှာ" အန်းယိုးယီစိတ်ထဲမှာ အလွန်အမင်း ဝမ်းနည်းသွားတယ်။

mgyoe.com

mgyoe.com


ညအမှောင်လည်း ရောက်လာပြီ။ အရဏ်အလင်းရောင်လည်း ပေါ်လာပြီ။ ရုတ်တရက် အဘိုးကြီး အခန်းထဲဝင်လာတယ်။ "ဒီကောင်မလေး တို့မျက်နှာ အိုးမဲသုတ်တယ်။ ရှက်စရာ သိပ်ကောင်းတယ်" လို့ပြောတယ်။ လုံမလေးဝှားဟာ ထိတ်လန့်စွာ ပြေးထွက်သွားတယ်။ အဘိုးကြီးက နောက်ကလိုက်ပြီး ဆူဆဲသွားတယ်။

အန်းယိုးယီဟာ လန့်လည်းလန့်၊ ရှက်လည်းရှက်တာမို့ ကမန်းကတန်း အိမ်ပြန်ပြေးသွားတယ်။ ရက်အချို့ ဟိုသွား၊ ဒီသွားဖြစ်နေတယ်။ လုံမလေးဝှားကို လွမ်းဆွတ်တဲ့စိတ်ကို ဖျောက်လို့မရဘူး။ သူက ဒီလိုတွေးတယ်။ သူမ ခြစ်စည်းရိုးကျော်တက်ပြီး သွားတွေ့ရရင် ကောင်းမယ်။ အဘိုးကြီးက ငါ့ကို ကျေးဇူးရှင်လို့ပြောတော့ ငါ့ကို ဘာမှလုပ်မယ်တော့မထင်ဘူး။

သူဟာ တွေးရင်း အဲဒီနေ့ညမှာပဲ အိမ်သားတွေကို မပြောဘဲ တစ်ယောက်တည်း ထွက်သွားတယ်။ တစ်ခါ မျက်စိလည်လမ်းမှားပြန်တယ်။ တောထဲမှာ တဝဲလည်လည်ဖြစ်ပြီး ထိတ်လန့်နေတယ်။ သူဟာ အပြန်လမ်းကို လိုက်ရှာတယ်။ တောင်ကြားမှာ အိမ်လိုလို တွေ့တာနဲ့ ဝမ်းသာပြီး အဲဒီကို သွားကြည့်တယ်။ အိမ်ခန်းတစ်ခု တံခါးဖွင့်ထားတာတွေ့တယ်။ အလွန်ခမ်းနားပုံပေါ်တယ်။

အန်းယိုးယီဟာ အနီးကပ်သွားပြီး အမျိုးနာမည် ကျန်းလို့ခေါ်တဲ့ မိသားစု ဘယ်မှာနေသလဲလို့ မေးတယ်။ အိမ်စေမိန်းကလေးတစ်ယောက် ထွက်လာပြီးမေးတယ်။ "ကျန်းအိမ်ထောင်ကိုမေးတာ ဘယ်သူလဲ" အန်းယိုးယီက ဖြေတယ်။ "ကျန်းအိမ်ထောင်ဟာ ကျွန်တော့်ဆွေမျိုးပါ။ မျက်စိလည်လမ်းမှားပြီး ရှာလို့မတွေ့ဘူး" အိမ်စေမိန်းကလေးက ပြောတယ်။ "မေးစရာမလိုတော့ဘူး၊ ဒီအိမ်က သူတို့အဒေါ်အိမ်၊ လုံမလေးဝှားအထဲမှာရှိတယ်။ ကျွန်မ သွားခေါ်မယ်"

mgyoe.com

mgyoe.com


အိမ်စေမလေး ဝင်သွားပြီး ခဏကြာတော့ အန်းယိုးယီကို လာခေါ်တယ်။ စကြိုပေါ်ရောက်တာနဲ့ လုံမလေးဗှားက ထွက်ကြိုတယ်။ ဝမ်းသာစွာ လက်တွဲပြီး အိမ်ထဲခေါ်သွားတယ်။ ပြီးတော့ အိမ်စေမလေးကိုပြောတယ်။ "မောင်တော်အန်းဟာ တစ်ညလုံး ခရီးသွားရတော့ ပင်ပန်းနေပြီ။ အိပ်ရာမြန်မြန်ခင်း။ အိပ်ဖို့လုပ်ပေး" ခဏနေတော့ နှစ်ဦးသား လက်တွဲပြီး အိပ်ရာပေါ်တက်ကြတယ်။ အန်းယိုးယီက လုံမလေးဗှားကို အိမ်သားတွေ မတွေ့ပါလားလို့ မေးတယ်။ လုံမလေးဗှားက ပြောတယ်။ "ဒေါ်ဒေါ် တခြားသွားနေတယ်။ ကျွန်မကို အိမ်စောင့်ခိုင်းခဲ့တာ။ ရှင်ဒီရောက်လာတာ အတော်ပဲ။ ဒါလည်း ကုသိုလ်ကံပဲပေါ့"

နှစ်ယောက်သား ကပ်နေတဲ့အချိန်မှာ အန်းယိုးယီဟာ ညှီစော်ကြီး နှာခေါင်းထဲ တိုးဝင်လာတာ ခံစားရတယ်။ စိတ်ထဲမှာ သံသယဖြစ်လာတယ်။ လုံမလေးဗှားက သူ့လည်ပင်းကိုဖက်ပြီး သူ့နှာခေါင်းဝကို ဖြုန်းခနဲထပြီး လျှာနဲ့လျက်တယ်။ အန်းယိုးယီရဲ့ ခေါင်းဟာ အပ်နဲ့အထိုးခံလိုက်ရသလို ဦးနှောက်ထဲအထိ နာကျင်သွားတယ်။ သူဟာ လန့်ပြီးရုန်းတယ်။ ရုန်းလို့မရဘူး။ ကြိုးတုတ်တုတ်တစ်ချောင်းနဲ့ အတုပ်ခံထားရသလိုပဲ။ တဖြည်းဖြည်းနဲ့ သတိမေ့သွားတယ်။

အန်းယိုးယီ အိမ်သားတွေဟာ သူ့ကို လိုက်ရှာကြတယ်။ တောလမ်းအတိုင်း လိုက်ရှာတော့ ချောက်ကမ်းပါးတစ်ခုရှေ့မှာ သူ့အလောင်းကို တွေ့တယ်။ ဒါနဲ့ အိမ်ပြန်ယူခဲ့ပြီး ငိုယိုနေကြစဉ် မတွေ့ဖူးတဲ့ မိန်းကလေးတစ်ယောက် ငိုယိုပြီး အိမ်ထဲဝင်လာတာ တွေ့ကြရတယ်။

သူမဟာ အန်းယိုးယီရဲ့ အလောင်းကိုကိုင်ပြီး အော်ငိုတယ်။ "ဘုရား၊ ဘုရား... ရှင်ဘာကြောင့် ဒီလောက် အ,ရတာလဲ" အသံဝင်တဲ့အထိ ငိုကြွေးနေတယ်။ သူမဟာ အန်းယိုးယီရဲ့ အိမ်သားတွေကို မှာတယ်။ "သူ့ကို ၇ ရက်ထားပါ။ မသင်္ဂြိုဟ်ပါနဲ့" အိမ်သားတွေက သူမကို

mgyoe.com

mgyoe.com


ဘယ်သူဘယ်ဝါဆိုတာ သိချင်လို့ မေးမယ်လုပ်တုန်းမှာ သူမက ထ ထွက်သွားတယ်။ အပြင်ရောက်တာနဲ့ ပျောက်သွားရော။ အိမ်သားတွေ ဟာ သူ့ကို နတ်လို့မှတ်ထင်ပြီး သူမပြောတဲ့အတိုင်း လိုက်လုပ်ကြတယ်။

ညတိုင်းညတိုင်း သူမရောက်လာပြီး ငိုယိုနေတယ်။ သတ္တမနေ့မှာ အန်းယိုးယီ နိုးလာတယ်။ လုံမလေးတ့ားကိုမြင်တော့ ဖက်ပြီးငိုတယ်။ လုံမလေးတ့ားဟာ မီးမွေးပြီး သူမ ယူခဲ့တဲ့ ဆေးရွက်ကို ကျိုတိုက်တယ်။

ဆေးသောက်ပြီး မကြာဘူး၊ အန်းယိုးယီ စကားပြောနိုင်လာတယ်။ သူက "ကျုပ်ကိုသတ်တာလည်း မင်းပဲ၊ ကျုပ်ကို ကယ်တာလည်း မင်းပဲကိုး" လို့ပြောတယ်။

ပြီးတော့ ဟိုညက သူကြုံတွေ့ရတာတွေ ပြောပြတယ်။

လုံမလေးတ့ားက... "အဲဒါ မကောင်းဆိုးဝါးမြွေက ကျွန်မယောင် ဆောင်ပြီး ရှင့်ကိုညာတာ။ ဟိုးတစ်ခါ ရှင် မျက်စိလည်လမ်းမှားပြီး တွေ့တဲ့ မီးရောင်ဟာ သူပဲ" လို့ပြောတယ်။

အန်းယိုးယီက "မင်းဘယ်လိုလုပ်ပြီး လူသေကို ရှင်အောင်လုပ် နိုင်တာလဲ။ မင်းက နတ်လား"

လုံမလေးတ့ားက "ရှင့်ကို အစောကြီးကတည်းက ပြောပြချင်တာ၊ ရှင် တစ်မျိုးထင်မှာစိုးလို့။ ရှင် မှတ်မိသေးလား မသိဘူး။ လွန်ခဲ့တဲ့ ငါးနှစ်က ရှင် တ့ာစန်းတောင်မှာ ဂရိုးကောင်တစ်ကောင် ဖမ်းလာတဲ့ လူတစ်ယောက်နဲ့ တွေ့တယ်မဟုတ်လား။ ရှင်က ဂရိုးကောင်ကိုဝယ်ပြီး လွှတ်ပစ်ခဲ့တယ်လေ" အန်းယိုးယီဟာ ဒီကိစ္စကို မှတ်မိသေးတယ်။ လုံမ လေးတ့ားက ဆက်ပြောတယ်။ "ရှင်လွှတ်လိုက်တဲ့ ဂရိုးဟာ ကျွန်မအဖေပဲ လေ။ အရင်က ရှင့်ကို ကျေးဇူးရှိတယ်လို့ပြောတာ ဒီအတွက်ကြောင့်ပေါ့။ တစ်နေ့က ရှင့်ကို အနောက်ဘက်ရွာက ဝမ်ကျူကျင့်အိမ်မှာ ဝင်စားခိုင်း ပြီး ကျွန်မနဲ့အဖေဟာ ယမမင်းဆီ သွားပြောတယ်။ သူက အရေးမလုပ်

mgyoe.com

mgyoe.com


ဘူး။ အဖေက သူ့ကိုပြောတယ်။ သူ တောက်တရားကျင့်စဉ်ကို စွန့်ပြီး ရှင့်သေစား သေပါ့မယ်လို့ ခုနစ်ရက်လုံးလုံး ဝမ်းနည်းစွာ တောင်းပန်မှ ရတော့တယ်။ အခု ရှင် အသက်ပြန်ရှင်ပေမဲ့ ရှင့်မှာ ကိုယ်တစ်ပိုင်းသေ ရောဂါ စွဲလိမ့်မယ်။ ဒီရောဂါကို မြွေသွေးနဲ့အရက် ရောသောက်မှ ပျောက်မှာ"

အန်းယိုးယီဟာ မြွေကိုမုန်းလွန်းလို့ ချက်ချင်းတောင် သွားဖမ်းချင်တယ်။ လုံမလေးဟွားက "မြွေဖမ်းဖို့ မခက်ဘူး။ ဒါပေမဲ့ အသက်ပေါင်းများစွာ သေကုန်မယ်။ ကျွန်မလည်း နှစ်ရာနဲ့ချီပြီး ကျွတ်တော့မှာ မဟုတ်ဘူး။ အဲဒီမြွေရဲ့ဂူဟာ တောင်ကမ်းပါးအောက်မှာ နေ့ခင်းပိုင်း သက်ငယ်နဲ့ ဂူပြင်ကနေ မီးရှို့။ လေးမြားနဲ့ အသင့်စောင့်နေ။ ဒါဆို အဲဒီမကောင်းဆိုးဝါးကို မိလိမ့်မယ်"

သူမဟာ စကားပြောပြီးတာနဲ့ အန်းယိုးယီကို သွားမယ်လို့ နှုတ်ဆက်တယ်။ "ကျွန်မ ရှင့်ကို ရေရှည် အဖော်မပြုနိုင်ဘူး။ သိပ်ကို ဝမ်းနည်းမိပါတယ်။ ဒါပေမဲ့ ကျွန်မဟာ ရှင့်အတွက်နဲ့ တောက်တရားကျင့်တာ ဆယ်ပုံခုနစ်ပုံ ဆုံးရှုံးသွားပြီ။ ကျွန်မကို စာနာပြီး ခွင့်လွှတ်ပါ။ ဒီတစ်လအတွင်း ဗိုက်ထဲမှာ လှုပ်လှုပ်နေတယ်။ ပုထုဇဉ်ဇာတိ တွယ်နေပြီထင်တာပဲ။ ယောကျ်ားလေးမွေးမွေး၊ မိန်းကလေးမွေးမွေး နောက်နှစ်မှာ ရှင့်ဆီပို့ပေးပါ့မယ်" ပြောပြီးတာနဲ့ မျက်ရည်ကျကာ ထွက်သွားတယ်။

အန်းယိုးယီဟာ တစ်ညအိပ်ပြီးနောက် သူ့ကိုယ်အောက်ပိုင်း တစ်ခုလုံး သေသွားပြီဆိုတာ သိတယ်။ ထုထုရိုက်ရိုက် ဘာမှမသိတော့ဘူး။ ဒါနဲ့ လုံမလေးဟွား မှာတဲ့စကားကို အိမ်သားတွေ ပြောပြတယ်။ အိမ်သားတွေဟာ တောကြီးတောင်ကမ်းပါးအောက်သွားပြီး မြွေဂူကို မီးနဲ့ရှို့တယ်။ မြွေဖြူကြီးတစ်ကောင်ဟာ မီးတောက်တွေထဲကနေ ဖြတ်ထွက်လာတယ်။ အပြင်က အဆင်သင့်စောင့်ပြီး လေးနဲ့ခွင်းကြတယ်။ ခဏနေတော့ မြားထိ

mgyoe.com

mgyoe.com


ပြီး သေပါလေရော။

မီးငြိမ်းသွားတာနဲ့ အိမ်သားတွေဟာ ဂူထဲဝင်ပြီး မြွေရှာတယ်။ အထဲမှာ မြွေသေ ၄–၅ ရာရှိတယ်။ အိမ်သားတွေဟာ မြွေသွေးတွေစုပြီး အရက်နဲ့ရောကာ အန်းယိုးယီကို တိုက်တယ်။ သုံးရက်လုံးလုံး ဆက်တိုက်ပြီးတာနဲ့ ခြေနှစ်ဖက် လှုပ်လာနိုင်တယ်။ ၆ လကျော်မှ ခုတင်ပေါ်က ဆင်းလျှောက်နိုင်တယ်။

အန်းယိုးယီဟာ ကောင်းကောင်း သွားလာနိုင်တာနဲ့ လုံမလေးဝှားကို တွေ့လိုစိတ် ပေါ်လာတယ်။ တစ်ခါ သူတစ်ယောက်တည်း ဝှာစန်းတောင်ကို သွားတယ်။ တောင်ကြားလျှိုထဲမှာ ဟိုသွားဒီသွားနဲ့ သက်ပြင်းချနေတယ်။ ရုတ်တရက် အဘွားကြီးဟာ အနှီးနဲ့ထုပ်ထားတဲ့ ကလေးလေးကို ပိုက်ပြီးလာတာ တွေ့တယ်။ ကလေးကို အန်းယိုးယီအား ပေးပြီး ပြောတယ်။ "သမီးက မောင်ရင့်ကို မေးမြန်းကြောင်း ပြောခိုင်းတယ်"

အန်းယိုးယီဟာ လုံမလေးဝှားအကြောင်း မေးမယ်လုပ်တုန်းမှာပဲ အဘွားကြီး ပျောက်သွားတယ်။ သူဟာ အနှီးကိုဖြေပြီး ကြည့်တယ်။ ယောကျ်ားလေးဖြစ်နေတယ်။ အန်းယိုးယီဟာ ကလေးကိုချီပြီး အိမ်ပြန်လာခဲ့တယ်။ လုံမလေးဝှားကို မမေ့နိုင်တဲ့အတွက် တစ်သက်လုံး နောက်ထပ် မိန်းမမယူဘဲ နေသွားတယ်။

✻

mgyoe.com

mgyoe.com


## လူအရေခွံ

ထိုက်ယွင်မြို့မှာ အမျိုးနာမည် ဝမ်လို့ခေါ်တဲ့ ပညာတတ်တစ်ယောက်ရှိတယ်။ မနက်ခင်း လမ်းလျှောက်ထွက်ရင်း မိန်းကလေးတစ်ယောက်နဲ့ တွေ့တယ်။ သူမဟာ အထုပ်ကလေးပိုက်ပြီး တစ်ယောက်တည်း လမ်းပေါ်လျှောက်သွားနေတယ်။ ဒါပေမဲ့ သွားတာ အလွန်နှေးတယ်။ ဝမ်ဟာ အံ့ဩတာနဲ့ ရှေ့တိုးပြီး သွားကြည့်တယ်။ အသက် ၁၆ နှစ်၊ ၁၇ နှစ်အရွယ် မိန်းမချောလေးဖြစ်နေတာတွေ့တော့ စိတ်ထဲမှာ ပြောမပြတတ်အောင် ဝမ်းသာသွားတယ်။ ဒါနဲ့ မိန်းမပျိုကို မေးတယ်။

"ဘာဖြစ်လို့ အစောကြီး တစ်ယောက်တည်း လျှောက်သွားနေတာလဲ"

မိန်းမပျိုက "လမ်းပေါ်က လူဟာ ကျွန်မရဲ့စိတ်ဒုက္ခကို ဖြေဖျောက်ပေးနိုင်မှာ မဟုတ်ဘူး။ ရှင်မမေးနေပါနဲ့" လို့ ပြန်ပြောတယ်။ ဝမ်က ပြောတယ်။ "မင်းမှာ ဘာစိတ်သောကရောက်စရာ ရှိလို့လဲ။ ကူညီဖို့ လိုတယ်ဆိုရင် ကျွန်တော် ငြင်းဆန်မှာ မဟုတ်ပါဘူး"

အဲဒီမိန်းမပျိုဟာ သနားစရာ အမူအရာနဲ့ ပြောတယ်။ "ကျွန်မ

mgyoe.com

mgyoe.com




မိဘတွေဟာ ငွေမက်ပြီး ကျွန်မကို ချမ်းသာတဲ့အိမ်မှာ ရောင်းစားတယ်။ အဲဒီအိမ်က မယားကြီးဟာ သိပ်မနာလိုဝန်တိုပြီး ကျွန်မကို နေ့ရောညပါ ရိုက်နှက်တယ်။ သူ ဒီလိုနှိပ်စက်တာ မခံနိုင်တော့လို့ အဝေးကို ထွက်ပြေးမလို့ပါ"

ဝမ်က မေးပြန်တယ်။ "ဘယ်ကိုသွားဖို့ စိတ်ကူးသလဲ"

သူမက "ထွက်ပြေးလာတာဆိုတော့ ဘယ်သွားမလဲဆိုတာ ဘယ်

mgyoe.com

mgyoe.com


လိုလုပ်ပြောလို့ရမလဲ” ဝမ်က “ကျွန်တော့်အိမ် ဒီနားမှာရှိတယ်။ လိုက်နားပါဦးလား” လို့ပြောတယ်။ မိန်းမပျိုကလည်း အလွန်ဝမ်းသာသွားပြီး သူ့နောက် လိုက်သွားတယ်။ ဝမ်က သူမအထုပ်ကိုကိုင်ပြီး အိမ်ကိုခေါ်သွားတယ်။

မိန်းမပျိုဟာ အိမ်မှာ လူမရှိတာတွေ့တော့ မေးတယ်။ “ရှင့်အိမ်မှာ လူမရှိပါလား” ဝမ်က “ဒါ ကျွန်တော် စာဖတ်တဲ့အဆောင်” လို့ပြောတယ်။ မိန်းမပျိုက “ဒီနေရာ အလွန်ကောင်းတယ်။ ရှင် ကျွန်မကို သနားတယ်၊ ကျွန်မကို ကယ်မယ်ဆိုရင် လျှို့ဝှက်ထားပါ။ သူများကို ပြောမပြပါနဲ့” လို့ တောင်းပန်တယ်။ ဒါနဲ့ သူတို့နှစ်ဦး အတူတကွ အိပ်ရာဝင်ကြတယ်။

မိန်းမပျိုဟာ ဒီလိုပဲ ဝမ်ရဲ့စာကြည့်ဆောင်မှာ ပုန်းနေတယ်။ နေရင်းနဲ့ ၄–၅ ရက်ကြာသွားတယ်။ ဒီအကြောင်းကို တခြားသူတွေ မသိကြဘူး။

ဝမ်ဟာ သူ့မိန်းမရှေ့မှာ တစ်စွန်းတစ်စ ပြောထွက်သွားတယ်။ သူ့မိန်းမဟာ အမျိုးနာမည် ချင်လို့ ခေါ်တယ်။ ယောကျ်ားစကား ကြားရပြီး ချင်က “မိန်းမပျိုဟာ ချမ်းသာတဲ့အိမ်က မယားငယ်ပဲ ဖြစ်လိမ့်မယ်၊ ပြန်ပို့လိုက်ပါ” လို့ ယောကျ်ားကို နားချတယ်။ ဝမ်က မိန်းမစကားကို နားမထောင်ဘူး။

တစ်ရက်မှာ သူဟာ လမ်းပေါ် အပျင်းပြေ လမ်းလျှောက်နေတုန်းမှာ တောက်ဘာသာ ဘုန်းကြီးတစ်ပါးနဲ့ တွေ့တယ်။ တောက်ဘုန်းကြီးက သူ့ကိုမြင်တာနဲ့ အံ့ဩတဲ့အမူအရာနဲ့ မေးတယ်။ “မင်း ခုတလော ဘာများတွေ့သလဲ” ဝမ်က “မတွေ့ဘူး” လို့ဖြေတယ်။ တောက်ဘုန်းကြီးက “မင်းတစ်ကိုယ်လုံး မကောင်းတဲ့အရိပ်အငွေ့တွေ ဖုံးနေတယ်။ မတွေ့ဘူးလို့ ဘယ်နှယ့်ပြောတာလဲ”

ဝမ်ဟာ ဘာမှမဖြစ်ကြောင်း ရှင်းတယ်။ တောက်ဘုန်းကြီးဟာ

mgyoe.com

mgyoe.com


လှည့်ထွက်သွားတယ်။ သွားရင်းနဲ့ "ကျုပ်နားမလည်နိုင်တာက ကမ္ဘာပေါ်မှာ သေဘေးနဲ့ နီးကပ်နေတာတောင် မိမိကိုယ်မိမိ မသိနားမလည်သေးတဲ့လူ ရှိနေသေးတာပဲ" လို့ ပြောသွားတယ်။ ဝမ်ဟာ တောက်ဘုန်းကြီးစကား ကြားရပြီး မိန်းမပျိုအပေါ် သံသယဝင်လာတယ်။ ဒါပေမဲ့ တစ်ဖက်လှည့် တွေးလိုက်တော့လည်း သူမဟာ မိန်းမချောလေး ဖြစ်ရက်နဲ့ ဘယ်လိုလုပ်ပြီး မကောင်းဆိုးဝါးဖြစ်နိုင်မှာလဲလို့ တွေးတယ်။ ဒီတောက်ဘုန်းကြီးဟာ ငွေရဖို့ ပယောဂတွေဘာတွေ ကုစားနေလို့ ပြောတာ ဖြစ်မယ်ဆိုပြီး မေ့ထားလိုက်တယ်။

ဝမ်ဟာ စာကြည့်ဆောင်အဝ ရောက်လာတယ်။ တံခါးပိတ်ထားတယ်။ ဝင်လို့မရဘူး။ မိန်းမပျို တစ်ခုခုလုပ်နေတယ်လို့ တွက်ပြီး ဝင်းထရံ ကျိုးပေါက်တဲ့နေရာကနေ ဝင်သွားတယ်။ အိမ်တံခါးလည်း ပိတ်ထားတာ တွေ့ရတယ်။ ဒါနဲ့ အသာလေး ပြတင်းပေါက်နား ကပ်သွားပြီး ချောင်းကြည့်တယ်။

ကြောက်စရာ သရဲတစ်ကောင်။ မျက်နှာစိမ်းဖန့်ဖန့်၊ အစွယ်တွေ သွားတွေလည်း ပါးစပ်အပြင် ထွက်နေတယ်။ လွှသွားလိုပါပဲ။ လူအရေခွံတစ်ချပ်ကို ခုတင်ပေါ် ဖြန့်ထားတယ်။ သရဲမဟာ စုတ်တံတစ်ချောင်းကိုင်ပြီး လူအရေခွံကို ဆေးဆိုးပေးနေတယ်။ မကြာခင်မှာ စုတ်တံကို ချလိုက်တယ်။ အဲဒီလူ့အရေခွံကို မ,ကိုင်လိုက်တယ်။ အကျီခါသလို အသာခါလိုက်ပြီး ကိုယ်ပေါ်ခြုံလိုက်တာနဲ့ လှပတဲ့ မိန်းမပျိုလေး ဖြစ်သွားရော။

ဝမ်ဟာ ဒီအခြင်းအရာကို မြင်တာနဲ့ ကြောက်လွန်းလို့ လေးဖက်ကုန်းထွက်လာတယ်။

တောက်ဘုန်းကြီးကို ချက်ချင်းလိုက်ရှာတယ်။ ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ နေရာအနှံ့ လိုက်ရှာတယ်။ နောက်ဆုံး တောစပ်မှာ

mgyoe.com

mgyoe.com


သွားတွေ့တယ်။ ဒူးထောက်ပြီး ကယ်ပါယူပါ တောင်းပန်တယ်။ တောက် ဘုန်းကြီးက "ကောင်းပြီလေ၊ ကျုပ် မောင်းပစ်ပေးမယ်။ ဒီဥစ္စာကလည်း သနားစရာပဲ၊ အစားသေမယ့်လူ တွေ့ရုံရှိသေးတယ်။ ကျုပ်လည်း သူ့ အသက်ကို မသတ်ချင်ပါဘူး" လို့ပြောပြီး လက်ထဲက သားမြီးယပ်ကို ဝမ်အား ပေးတယ်။ အိမ်တံခါးအပြင်ဘက်မှာ ချိတ်ထားဖို့လိုတယ်။ သွားခါနီးမှာ ချင်းတိဘုရားကျောင်းမှာ ပြန်တွေ့ကြဖို့ ချိန်းထားခဲ့တယ်။

ဝမ်ဟာ အိမ်ပြန်ရောက်ပြီး စာကြည့်ဆောင်ကို မသွားဝံ့လို့ အတွင်းထဲက အခန်းမှာအိပ်တယ်။ သားမြီးယပ်ကို ချိတ်ဆွဲထားတယ်။ ညနှစ်ချက်တီးကျော်တော့ အပြင်ဘက်မှ ချွတ်ချွတ် ချွတ်ချွတ် အသံကြားရတယ်။ ဝမ်ဟာ ကိုယ်တိုင်ထွက်မကြည့်ဝံ့လို့ မိန်းမကို ချောင်းကြည့်ခိုင်းတယ်။

လာသူကတော့ မိန်းမပျိုတစ်ယောက်။ အဝေးကြီးက တောက်ဘုန်းကြီးရဲ့ သားမြီးယပ်ကို မြင်တာနဲ့ မဝင်ရဲလို့ နေရာတွင်ရပ်ပြီး အံတကြိတ်ကြိတ် လုပ်နေတယ်။ အကြာကြီးနေမှ လှည့်ထွက်သွားတယ်။ တစ်အောင့်ကြာတော့ ဝင်လာပြန်တယ်။ ပါးစပ်က ဆဲပြီးပြောတယ်။ "ဟင်း... တောက်ဘုန်းကြီးက ငါ့ကို ခြောက်တယ်ပေါ့လေ။ ငါ့ပါးစပ်ထဲ ရောက်နေတဲ့အစာကို ပြန်အန်ထုတ်ရမတဲ့လား" ပြောပြောဆိုဆို သားမြီးယပ်ကို ဆွဲယူဆုတ်ပစ်ပြီး တံခါးကို ဆွဲဖွင့်ဝင်လာတယ်။

ဝမ်အိပ်နေတဲ့ ခုတင်ဘေးရောက်တော့ ဝမ်ရဲ့ဝမ်းဗိုက်ကို ဆွဲဖြဲပြီး အသည်းကို ဆွဲထုတ်လိုက်တယ်။ ဒီနောက် ထွက်သွားတယ်။

သူ့မိန်းမဟာ ဒီတော့မှပဲ ကယ်ပါလို့ အော်နိုင်တော့တယ်။ အိမ်ဖော်တွေဟာ အော်သံကြားလို့ ပြေးဝင်လာကြတယ်။ ဖယောင်းတိုင်မီးအောက်မှာ ဝမ်ဟာ သေနေပြီ။ ဗိုက်ထဲက သွေးတွေလည်း မြေကြီးပေါ်စီးကျပေပွနေတာပဲ။

mgyoe.com

mgyoe.com


ဝမ်ရဲ့မိန်းမ ချင်ဟာ ကြောက်လည်းကြောက်၊ ဝမ်းလည်းနည်း၊ လူလည်း အသိမခံဝံ့ဘူး။ မိုးလင်းတော့မှ မတ်တော်သူ အဲ့လန်ကို ချင်းတိ ဘုရားကျောင်းသွားပြီး တောက်ဘုန်းကြီးကို အကြောင်းကြားခိုင်းတယ်။

တောက်ဘုန်းကြီးက အကျိုးကြောင်းသိပြီး စိတ်ဆိုးတယ်။ "ကျုပ် သနားလို့ သူ့အသက်ကို မသတ်တာ၊ ဒီသရဲမဟာ ဒီလောက်တောင် သောင်းကျန်းပါလား" လို့ပြောပြီး ဝမ်ရဲ့ညီလေးနဲ့အတူ လိုက်လာတယ်။ ဒါပေမဲ့ မိန်းမပျိုဟာ ဘယ်ရောက်သွားမှန်း မသိတော့ဘူး။

တောက်ဘုန်းကြီးဟာ ခေါင်းမော့ပြီး အရပ်လေးမျက်နှာကို ကြည့် တယ်။ "တော်သေးတယ်၊ သိပ်ဝေးဝေး မရောက်သေးဘူးလို့" ပြောပြီး မေးပြန်တယ်။

"တောင်ဘက်ကခြံက ဘယ်သူ့အိမ်လဲ"

အဲ့လန်က "ကျွန်တော့်အိမ်ပါ" တောက်ဘုန်းကြီးက "အခု သရဲမ မင်းအိမ်မှာရှိတယ်"

အဲ့လန်က မယုံဘူး။ တောက်ဘုန်းကြီးက မေးတယ်။ "မသိတဲ့လူ တစ်ယောက်ယောက်များ လာသေးလား" အဲ့လန်က "ခုနက ကျွန်တော် ချင်းတိဘုရားကျောင်း သွားနေတာ။ မသိသေးဘူး၊ အိမ်ပြန်ကြည့်လိုက်ဦး မယ်" လို့ပြောတယ်။ ခဏနေတော့ ပြန်လာပြီးပြောတယ်။ "ပြောတဲ့ အတိုင်း ဖြစ်နေပြီ။ ဒီနေ့မနက် အဘွားကြီးတစ်ယောက် ရောက်လာ တယ်။ ကျွန်တော့်အိမ်မှာ အိမ်ဖော်အကူလုပ်ချင်လို့ဆိုတာနဲ့ ကျွန်တော့် မိန်းမက ခေါ်ထားလိုက်တယ်။ အခုရှိသေးတယ်"

တောက်ဘုန်းကြီးဟာ ကြားတာနဲ့ "ဒီမကောင်းဆိုးဝါးပဲ" လို့ပြော ပြီး အဲ့လန်နဲ့အတူ လိုက်သွားတယ်။

တောက်ဘုန်းကြီးဟာ သစ်သားသံလျက်ရှည် တစ်ချောင်းကိုင်ပြီး ခြံဝင်းအလယ်မှာ ရပ်တယ်။ အသံအကျယ်ကြီးနဲ့ အော်ငေါက်တယ်။

mgyoe.com

mgyoe.com


"သရဲဆိုး၊ သားမြီးယပ် ပြန်လျော့်ပေးစမ်း"

အဘွားကြီးဟာ ကြောက်လို့ မျက်စိမျက်နှာ ပျက်နေတယ်။ အပြင်ကိုထွက်လာပြီး ထွက်ပြေးမယ်လုပ်တုန်း တောက်ဘုန်းကြီးက ပြေးသွားပြီး သူ့ကိုရိုက်တယ်။ အဘွားကြီးဟာ ဝမ်းလျားမှောက် လဲကျသွားတယ်။ လူအရေခွံဟာ ဘတ်ဆို ကွဲအက်သွားတယ်။ သရဲဆိုးတစ်ကောင် မှောက်လျက်သား ပေါ်လာပြီး ဝက်အော်သလို အော်နေတယ်။

တောက်ဘုန်းကြီးက သစ်သားသံလျက်ရှည်နဲ့ သူ့ခေါင်းကို ဖြတ်လိုက်တယ်။ သူ့ကိုယ်လုံးက မီးခိုးပျစ်ပျစ်ကြီးအဖြစ် ပြောင်းသွားပြီး မြေပေါ်မှာ မီးခိုးလုံးကြီး လိမ့်နေတယ်။

တောက်ဘုန်းကြီးက ဘူးသီးခြောက်တစ်လုံး ယူထုတ်ပြီး အဆို့ကို ဖြုတ်လိုက်တာနဲ့ မီးခိုးလုံးဟာ ဘူးသီးခြောက်ထဲ တိုးဝင်သွားတယ်။ လူ့ပါးစပ်ထဲ မီးခိုးရှိုက်သွင်းလိုက်သလိုပဲ။ ခဏနေတော့ မီးခိုးလည်း ကုန်ပြီ။

တောက်ဘုန်းကြီးဟာ ဘူးသီးခြောက်ကို အဆို့ဆို့ပြီး အိတ်ထဲ ထည့်လိုက်တယ်။ လူအရေခွံကို ကြည့်လိုက်တော့ မျက်စိ၊ မျက်ခုံး၊ လက်၊ ခြေ အကုန်စုံတယ်။ တောက်ဘုန်းကြီးက ၎င်းကို အိတ်ထဲလိပ်ထည့်ပြီး နှုတ်ဆက်ထွက်ခွာသွားတယ်။

*

mgyoe.com

mgyoe.com


## ကျူချင်း

ရှီ ယံ့ဟာ ယူနန်ပြည်နယ်သား ဖြစ်တယ်။ ဒီပုံကို ပြောပြသူက သူ ဘယ်ခရိုင်ကလဲဆိုတာ မေ့နေပြီ။ သူ့မိသားစုဟာ ဆင်းရဲတယ်။ မြို့တက်စာမေးပွဲဖြေတာ ကျရှုံးခဲ့ရပြီး လမ်းစရိတ်လည်း သုံးလို့ကုန်သွားပြီ။ တောင်းလည်း မတောင်းရမ်းချင်တော့။ သိပ်ကို ဆာလှပြီ။ ဂူဝမ်နတ်ကျောင်းထဲဝင်ပြီး နားနေလိုက်တယ်။ သူဟာ နတ်ရှေ့မှာ ဆုတောင်းရင်း သူ့ရင်ထဲရှိတာတွေ ပြောချလိုက်တယ်။

ဆုတောင်းပြီးနောက် စင်္ကြံအောက်နားမှာ ခွေနေတယ်။ ရုတ်တရက် လူတစ်ယောက်ဝင်လာပြီး သူ့ကို ဂူဝမ်ဆီခေါ်သွားတယ်။ အဲဒီလူက ဒူးတုပ်ပြီးပြောတယ်။ "အင်္ကျီနက်တပ်ဖွဲ့မှာ တပ်သားတစ်ယောက်လိုနေတယ်။ ဒီလူနဲ့ အစားထိုးလို့ရတယ်" ဂူဝမ်က သဘောတူလိုက်ပြီး သူ့ကို အင်္ကျီနက်တစ်ထည် ချက်ချင်းပေးလိုက်တယ်။ ဝတ်လိုက်တာနဲ့ သူဟာ ကျီးကန်းတစ်ကောင် ဖြစ်သွားတယ်။ တောင်ပံဖြန့်ပြီး ပျံတက်သွားတယ်။ ကျီးကန်းအဖော်တွေ အများကြီးစုနေတာ တွေ့တယ်။ ဒါနဲ့ သူတို့နဲ့အတူ လိုက်ပျံပြီး လှေပေါ်က ရွက်တိုင်ပေါ်မှာ သွားနားကြတယ်။ လှေပေါ်က ခရီးသည်တွေဟာ အသားတုံးနဲ့ ရိက္ခာခြောက်တွေကို မိုးပေါ်

mgyoe.com

mgyoe.com


ပစ်ကျွေးတယ်။ အဖော်တွေက မိုးပေါ်မှာ လုယက်ဖမ်းယူ စားသောက်တယ်။ ရီယုံဟာလည်း သူတို့လိုပဲ လိုက်ဖမ်းယူ စားသောက်တယ်။ သစ်ပင်ပေါ်ပျံတက်ပြီး နားနေလိုက်တယ်။ စိတ်လည်း ပေါ့ပေါ့ပါးပါးပဲ။

၂ ရက်၊ ၃ ရက်ကြာတော့ ဂူဝမ်ဟာ သူ့မှာ ကြင်ဖော်မဲ့တာကို သနားပြီး ကျီးမတစ်ကောင်နဲ့ ပေးစားလိုက်တယ်။ ကျီးမနာမည်က ကျူချင်းတဲ့။ နှစ်ဦးသား ချစ်ခင်ပျော်ရွှင်စွာ နေထိုင်ကြတယ်။ ရီယုံဟာ အစားအစာ လုစားတဲ့အခါမှာ သိပ်ပြီး မဖျတ်လတ်ဘူး။ ကျူချင်းက သူ့ကို သတိနဲ့နေလို့ အမြဲသတိပေးတယ်။ သူကတော့ အရေးမလုပ်ဘူး။ တစ်နေ့မှာ စစ်သားတစ်ယောက်ရောက်လာပြီး သေနတ်နဲ့ပစ်လိုက်တာ သူ့ရင်ဘတ်ကို ထိမှန်သွားတယ်။ ကျူချင်းက သူ့ကိုကိုက်ချီပြီး ပျံပြေးလို့ တော်ပါသေးတယ်။ အဖမ်းမခံလိုက်ရဘူး။ ကျီးကန်းတွေဟာ ကိုယ့်အဖော် ဒဏ်ရာရသွားတာမြင်တော့ အလွန် ဒေါသထွက်လာတယ်။ တောင်ပံတွေ တစ်ပြိုင်နက်ဖြန့်ပြီး မြစ်ရေကို ခတ်ကြလို့ လှိုင်းတွေထလာတယ်။ ရှိသမျှလှေအားလုံး နစ်မြုပ်ကုန်တယ်။

ကျူချင်းဟာ မုန့်တွေ၊ အစာတွေချီပြီး ရီယုံကို ကျွေးတယ်။ ဒါပေမဲ့ ရီယုံဟာ ဒဏ်ရာပြင်းထန်လွန်းတော့ တစ်ရက်ပဲခံတယ်။ လဲသေသွားရော။ ရီယုံဟာ ရုတ်တရက် အိပ်မက်ထဲက လန့်နိုးလာသလို ခံစားရပြီး မိမိကိုယ်မိမိ ဂူဝမ်နတ်ကျောင်းထဲမှာ လဲလျောင်းနေတာ တွေ့တယ်။ အဖြစ်အပျက်က စစချင်း ဒေသခံတွေဟာ သူသေသွားတာတွေ့တော့ သူ့ကို ဘယ်သူဘယ်ဝါဆိုတာ မသိဘူး။ သူ့ကိုယ်ကို စမ်းကြည့်တော့ အငွေ့လေး ကျန်နေသေးတာနဲ့ လူလွှတ်စောင့်ရှောက်ထားတယ်။ သူနိုးလာတာနဲ့ ဘယ်က ဘယ်သူဆိုတာ မေးမြန်းသိရှိရတယ်။ ဒါနဲ့ လမ်းစရိတ်စုပေးပြီး သူ့ကို အိမ်ပြန်ပို့လိုက်တယ်။

သုံးနှစ်ကြာတော့ သူဟာ အဲဒီနေရာကို ခရီးကြုံလို့ ရောက်လာ

mgyoe.com

mgyoe.com





တယ်။ ဂူဝမ်နတ်ရုပ်ကို သွားကန်တော့တယ်။ အစားအစာအချို့ ကြဲချပြီး ကျီးကန်းတွေကို ကျွေးတယ်။ "အဲဒီမှာ ကျူးချင်းပါရင် နေရစ်ခဲ့ပါ" လို့ ဆန္ဒပြုလိုက်တယ်။ ဒါပေမဲ့ ကျီးကန်းတွေဟာ အစာစားပြီးတာနဲ့ အားလုံးပျံသွားကြတယ်။

နောက်တော့ သူ မြို့တက်ပြီး စာမေးပွဲဖြေလို့ အောင်ပြီးပြန်လာတော့ ဂူဝမ်ကျောင်းကို ဝင်ပြီးကန်တော့ပြန်တယ်။ ဆိတ်တစ်ကောင်သတ်

mgyoe.com